“ချင်းလူမျိုးတွေရဲ့ ရွေးကောက်ပွဲ စိတ်ဝင်စားမှုကတော့ အင်္ဂလိပ်လိုဆိုရင်တော့– **“Not so Bad, not so Good!”** လို့ပြောရမယ် ”

“ကျနော်တို့အနေနဲ့ ကျနော်တို့ရဲ့အလုပ်တွေကို အလုပ်လုပ်ဖို့ရန်အတွက် နလုံးသားတွေကိုသာလျှင် ရှာဖွေမှာ ဖြစ်တယ်။ ယူနီဖောင်းတွေကို ရှာမှာ မဟုတ်ပါဘူး ”

၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံမည့် ချင်းအမျိုးသားပါတီ (စီအဲန်ပီ) ဥက္ကက Pu Zo Zam နှင့် အင်တာဗျူး



၁၉၈၆ ခုနှစ်မှ စတင်ကာ မြန်မာ့စာနယ်ဇင်းလောကတွင် စတင်အခြေချသော ကာတွန်းဆရာ အဖြစ်မှ မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်ပေးမည့် ၂၀၁၀ ရွေးကောက်ပွဲကြီးတွင် ချင်းပြည်၌ ပါဝင်ယှဉ်ပြိုင် အရွေးခံရန် မျိုးဆက်သစ် ချင်းလူငယ်များ နှင့်အတူ ချင်းအမျိုးသားပါတီကို တည်ထောင်ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ဦးဆောင်နေသော **Pu Zo Zam** နှင့် Chin World (www.chinworld.info) အင်တာဗျူးခွင့်ရရှိခဲ့ပါသည်။

**CW**။ ။ ပါတီစတင်တည်ထောင်တဲ့ ရက်ကိုသိပါရစေ။

**PZZ**။ ။ သက္ကရာဇ် ၂၀၁၀ မတ်လ (၂၇) ရက်နေ့ ဖြစ်တဲ့ ဖက်ဆစ်တော်လှန်ရေးနေ့မှာ တည်ထောင်ပါတယ်။

**CW**။ ။ စီအဲန်ပီပါတီရဲ့ အထိမ်းအမှတ်တံဆိပ်ကို သိပါရစေ။ အဖွဲ့ရဲ့ အလံကော ရှိပါပြီလား။

**PZZ**။ ။ ပါတီရဲ့ အထမ်းအမှတ်တံဆိပ်ကတော့ လှုပ်ရှားတက်ကြွနေတဲ့ အောက်ချင်းငှက်ပုံဖြစ်ပါတယ်။ ပါတီရဲ့ အလံကတော့– အပြာ၊အနီ၊အစိမ်း သုံးရောင်ခြယ်အလံရဲ့ အလည်မှာ– တောက်ပတဲ့ မိုးသောက်ကြယ်ကြီးတခုနဲ့ ဖြစ်ပါတယ်။

**CW**။ ။ စီအဲန်ပီပါတီရဲ့ ရည်ရွယ်ချက် သိပါရစေ။

**PZZ**။ ။ စီအဲန်ပီပါတီရဲ့ ရည်ရွယ်ချက် (၃) ခုရှိပါတယ်။

(a)In the past , as the Chin people played crucial role for the preservation of our Union Independence and sovereign power especially in 1948, now is the time to create a platform for qualified new generation Chin leaders so that they can take responsibility with leading role in the Union as a whole in future Myanmar political leadership.

(b) To organize the patriotic Chin youths and mentor them to become solid new generation leaders, who can manage properly the Union in political,economics,social,education,health sectors, etc…

(c) To buildup the Nation with federal states.

www.chinworld.info

CW။ ။ စီအဲန်ပီအနေနဲ့ ချင်းလူမျိုးများအတွက်လုပ်ဆောင်အကောင်အထည်ဖော်ဖို့ စဉ်းစားထားမှုများကိုသိပါရစေ။

PZZ။ ။ ပညာရေး၊ ကျန်းမာရေး နဲ့ စီးပွားရေးအဆောက်အဦးများကို လုပ်ဆောင်သွားပါ့မယ်။ ကျနော်တို့အနေနဲ့ ပုဂ္ဂလိကပိုင် ပညာရေးနဲ့ ကျန်းမာရေး အဆောက်အဦးများကိုလည်း အားပေးသွားမှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် နည်းပညာများ၊ ဆိုရှယ် စီးပွားရေးများ၊ ဈေးကွက်ရှာဖွေရေး၊ ကမ္ဘာပေါ်မှာ ဒုတိယလူဦးရေ အများဆုံးဖြစ်တဲ့ အိန္ဒိယပြည်နဲ့ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းများကို ဖန်တီးဖို့ စသည်ဖြင့် ချင်းပြည်ကြီး ပြန်လည်တည်ဆောက်ဖို့ အစီအစဉ်တွေအများကြီးရှိပါတယ်။ တောင်ပေါ်အပန်းဖြေရိပ်သာများကိုလည်းတည်ဆောက်သွားမှာဖြစ်ပြီး ပြည်တွင်းပြည်ပ ဧည့်သည်များ လာရောက်လည်ပတ်ပြီး ချင်းပြည်ရဲ့ လှပတဲ့ သဘာဝ ပန်းမျိုးစုံများ၊ နေရာဒေသများနဲ့ ကွဲပြားခြားနားတဲ့ ယဉ်ကျေးမှုနဲ့ ထုံးတမ်းစဉ်လာများကို သူတို့အနေနဲ့လည်း ခံစား ရရှိကြလိမ့်မှာဖြစ်ပါတယ်။

CW။ ။ ပြီးခဲ့တဲ့အတိတ်ကာလတွေမှာ– ပူးဇိုဇမ်းအနေနဲ့ ချင်းလူမျိုးတွေအတွက် လှုပ်ရှားပေးဆပ်လုပ်ကိုင်ခဲ့မှုတွေကို သိပါရစေ။

PZZ။ ။ ချင်းလူမျိုးအတွက်လား။ အို–– ကျနော့်အနေနဲ့ မပြောပလောက်တဲ့ အနည်းငယ်လေးတွေလောက်ကိုပဲ လုပ်ခဲ့ပါတယ်။

CW။ ။ အခုလောလောဆယ် အသက်မွေးဝမ်းကြောင်းအနေနဲ့ ဘာအလုပ်လုပ်ပါသလဲ။

PZZ။ ။ ကျနော့်မှာ တက္ကစီအိုလေးတစီးရှိပါတယ်။ ဒီတက္ကစီလေးက ရန်ကုန်မြို့ထဲမှာ ပြေးလွှားမောင်းနှင်နေပါတယ်။

CW။ ။ မွေးရပ်မြေတီးတိန်မှာ ပူးဇိုဇမ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ဝင်ရွေးမယ်လို့သိရပါတယ်။ စီအဲန်ပီပါတီရဲ့ တခြား လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကိုကော ရွေးချယ်ပြီးပြီလား။ သူတို့ရဲ့ အမည်နဲ့မြို့နယ်တွေကို ပြောနိုင်မလား။

PZZ။ ။ အခုလောလောဆယ်မှာတော့ ဒါဟာ လျှို့ဝှက်ချက်ဖြစ်တဲ့အတွက် မပြောပြနိုင်သေးပါဘူး။ နောက်ပိုင်းကျရင် ကျနော်တို့ ကြေငြာပါ့မယ်။

CW။ ။ ပါတီစည်းရုံးရေးကိစ္စတွေကိုကော စတင်လုပ်ဆောင်နေပါပြီလား။ ပါတီဝင်အင်အား ဘယ်လောက်လောက်ရှိပြီလဲ။

PZZ။ ။ ကျနော်တို့အနေနဲ့ ကျနော်တို့အလုပ်တွေကို ပုံမှန်လုပ်ကိုင်နေပါတယ်။ ပါတီဝင်အင်အားကိုလည်း လိုအပ်တာထက် ပိုမို ရရှိလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

CW။ ။ လာမယ့် ၂၀၁၀ ရွေးကောက်ပွဲမှာ– စီအဲန်ပီနဲ့ ပတ်သက်လို့ ဘယ်လောက်အထိ ယုံကြည်မှုရှိပါသလဲ။ ဘယ်နှစ်နေရာ လောက်နိုင်မယ်ထင်ပါသလဲ။

PZZ။ ။ ကျနော်တို့အနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက်– စီအဲန်ပီပါတီအပေါ်မှာ ယုံကြည်ချက်ကြီးကြီးမားမား ရှိပါတယ်။

CW။ ။ ချင်းပြည်ကနေ ပြန်ရောက်ခါစဆိုတော့ ချင်းလူမျိုးတွေရဲ့ ၂၀၁၀ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု အခြေအနေ ဘယ်လို ရှိပါသလဲ။

PZZ။ ။ ချင်းလူမျိုးတွေရဲ့ ရွေးကောက်ပွဲ စိတ်ဝင်စားမှုကတော့ အင်္ဂလိပ်လိုဆိုရင်တော့– "Not so bad, not so Good!" လို့ပြောရမယ်။

CW။ ။ ချင်းလူမျိုးတွေအများကြီးရှိတဲ့– ချင်းပြည်ပြင်ပက– ကလေးမြို့နယ်၊ တမူးမြို့နယ်နဲ့ တခြားမြို့နယ်တွေမှာကော စီအဲန်ပီ အနေနဲ့ ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်ဖို့ အစီအစဉ်ရှိပါသလား။

PZZ။ ။ အချိန်ကန့်သတ်ချက် အခက်အခဲကြောင့် ချင်းပြည်နယ်တခုကိုပဲ ကျနော်တို့ စဉ်းစားပါတယ်။

www.chinworld.info

CW။ ။ ပါတီရပ်တည်ဖို့ရန်အတွက် ရန်ပုံငွေဘယ်လိုရှာကြမလဲ။

PZZ။ ။ ပါတီရန်ပုံငွေလား။ ဒီမှာ မိတ်ဆွေ– ခင်ဗျားတို့လည်း ကျနော်တို့ကို ကူညီသင့်တာပေ့ါ။ ခင်ဗျားအနေနဲ့ ကောင်းကောင်း သိပါတယ်။ ကျနော်တို့ ချင်းလူမျိုးတွေဟာ ဂုဏ်သိက္ခာအတွက် အသက်ရှင်နေကြတာပါ။ ငွေကြေးအတွက် မဟုတ်ပါဘူး။ ဟုတ်တယ်မလား။

CW။ ။ နိုင်ငံတကာမှ ရှိတဲ့ ချင်းတိုင်းရင်းသားတွေနဲ့ကော ဘယ်လိုမျိုးဆက်သွယ်လုပ်ကိုင်ဖို့ရှိပါသလဲ။

PZZ။ ။ ကျနော်တို့အနေနဲ့ အိုင်တီခေတ်ကြီးမှာ– သတင်းမီဒီယာတခုခုကနေသော်၎င်း၊ အီးမေးလ်ကနေသော်၎င်း၊ တယ်လီဖုန်း ကနေသော်၎င်း ဆက်သွယ်သွားမှာပါ။

CW။ ။ စီပီပီပါတီနဲ့ကော– မဟာမိတ်ဖွဲ့ဖို့အစီအစဉ်ရှိပါသလား။

PZZ။ ။ အခုထိတော့ ဆုံးဖြတ်ချက် မချရသေးပါဘူး။

CW။ ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ– ၂၅ ရာခိုင်နူန်းက စစ်ဝတ်စုံဝတ်သူများဖြစ်ကြတယ်။ ကျန်တဲ့ ၇၅ ရာခိုင်နူန်းမှာလည်း အရပ်ဝတ်နဲ့ စစ်သားတွေ ပါလာဦးမယ်။ ဆိုတော့– လူလေးယောက်မှာ အနည်းဆုံးစစ်သား တယောက်ပါမှာဖြစ်တဲ့အတွက် ခင်ဗျားတို့အနေနဲ့ အနိုင်ရခဲ့ရင်တောင် အဆင်ပြေစွာအလုပ်လုပ်နိုင်ပ့ါမလား။

PZZ။ ။ ကျနော်တို့အနေနဲ့ ကျနော်တို့ရဲ့ အလုပ်တွေကို အလုပ်လုပ်ဖို့ရန်အတွက် နှလုံးသားတွေကိုသာလျှင် ရှာဖွေမှာ ဖြစ်တယ်။ ယူနီဖောင်းတွေကို ရှာမှာ မဟုတ်ပါဘူး။ ရှင်းရှင်းလေးပါပဲ– အကယ်၍ ခင်ဗျားအနေနဲ့ တစုံတယောက်သောသူရဲ့ နှလုံးသားကို အနိုင်ယူချင်တယ်ဆိုရင် ခင်ဗျားရဲ့ ကြင်နာတဲ့ နှလုံးသားကို ပြသဖို့လိုပါတယ်။

CW။ ။ တရားမဝင် စစ်အစိုးရအနေနဲ့တောင် တိုင်းပြည်ကို ဒီလောက် ဖိနှိပ်အုပ်ချုပ်နေတာ တရားဝင်အစိုးရ ဖြစ်သွားရင် ပိုဆိုး လာမယ်လို့ မယူဆဘူးလား။

PZZ။ ။ နောက်တက်လာမယ့် အစိုးရဟာ စစ်အစိုးရစစ်စစ် မဟုတ်တော့ပါဘူး။ အဲဒီအစိုးရမှာ ရင့်ကျက်ပြီး အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များကို တွေ့မြင်မယ်လို့ ဆန္ဒပြုပါတယ်။ ဆုတောင်းပါတယ်။

CW။ ။ ရွေးကောက်ပွဲကို ကန့်ကွက်သူတွေက ဒီရွေးကောက်ပွဲဟာ စစ်အစိုးရကို တရားဝင်ဖြစ်အောင် လုပ်ပေးယုံလုပ်တဲ့ ရွေးကောက်ပွဲဖြစ်တယ်။ တခြား အရာတွေအားလုံးက "ပိုနေမြဲ–ကြားနေမြဲ" ပဲ ဖြစ်မယ်လို့ ပြောပါတယ်။ အဲဒီမေးခွန်းအပေါ် ဘယ်လို တုံ့ပြန် ချင်ပါသလဲ။

PZZ။ ။ ခင်ဗျားမေးချင်တာက "ဂုဏ်သိက္ခာနဲ့အခွင့်အလမ်းဆိုတာကိုလား"။ ခင်ဗျားကို မေးခွန်းတခုပြန်မေးပါရစေ။ ခင်ဗျား အနေနဲ့ ဒီရွေးကောက်ပွဲကို ဂရုမစိုက်ပဲ ဆန့်ကျင်ကန့်ကွက်လိုက်ခြင်းအားဖြင့် ခင်ဗျားကိုယ် ခင်ဗျား ဂုဏ်သိက္ခာရှိသော လူတဦးလို့ ထင်ပါသလား။ ကျနော်ကတော့ "နိုး"ဆိုတဲ့ အဖြေကို ပေးပါရစေ။ အကယ်၍ ခင်ဗျားအနေနဲ့ အခွင့်အလမ်းဆိုတာကို ဂုဏ်သိက္ခာနဲ့အတူ ဆုပ်ကိုင်နိုင်တယ်ဆိုရင် ခင်ဗျားဟာ အောင်မြင်တဲ့ လူတယောက်ဖြစ်လာမှာပါ။

CW။ ။ တတိယအင်အားစုဆိုသူတွေက– စစ်အစိုးရရဲ့ လမ်းတံတားတည်ဆောက်နေမှုဟာလည်း တိုးတက်မှုတခုလို့ပြောပါတယ်။ သတင်းစာတွေမှာလည်း အနှစ် (၂၀) လုံးလုံး လမ်းတံတားတွေကို မပြီးမစီးနိုင်အောင်ဆောက်နေပါတယ်။ သို့သော်လည်း ဗမာပြည်သားတွေရဲ့ နိုင်ငံခြားထွက်ခွါ အလုပ်လုပ်လိုမှုနဲ့ ဆင်းရဲခက်ခဲမှုတွေကလည်း နေ့စဉ်နှင့်အမျှ လျော့ကျသွားခြင်းမရှိပဲ ပိုမိုဆိုးရွားလာတယ်။ လမ်းတံတားဆောက်ခြင်းဟာ ဗမာပြည်နိုင်ငံရေးပြဿနာရဲ့ အဓိက လိုအပ်ချက်လား။ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့ ဘယ်လို ပြောချင်ပါသလဲ။

PZZ။ ။ လမ်း၊ တံတားတည်ဆောက်နေခြင်းဟာ ကျနော်တို့ တိုင်းပြည်ရဲ့ ပြဿနာတွေကို အဖြေပေးနေတယ်လို့ ကျနော်မထင်ပါဘူး။ ကျနော်တို့ရဲ့ ပြဿနာတွေကို အနှစ် (၂၀) ကျော်အတွင်းမှာ မဖြေရှင်းနိုင်ခဲ့ပါဘူး။ ကျနော် ရဲရဲကြီး ပြောရဲပါတယ်။ ဒီပုံစံအတိုင်း ဆက်လက်သွားနေမယ်ဆိုရင်လည်း ရာစုနှစ်တခုအတွင်းမှာတောင် ဒီပြဿနာက ဖြေရှင်းလို့ ပြီးမှာ မဟုတ်ပါဘူး။

www.chinworld.info

CW။ ။ စီအဲန်ပီနဲ့ ပတ်သက်လို့ ပြည်တွင်းပြည်ပမှာရှိတဲ့ချင်းအမျိုးသားများကို ဘာများပြောချင်ပါသလဲ။

PZZ။ ။ ချစ်ရပါသော ချင်းအမျိုးအသားအပေါင်းတို့– ခင်ဗျားတို့ကို ကျနော်တို့ ဘယ်တော့မှ မမေ့ပါဘူး။ အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပါစေ။

**************************

www.chinworld.info